# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 13, 2020 Volume 27, Number 7


**၁၃.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၅၅/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၉၁/- ကျပ် |
| CBM Rate | = ၁၄၈၃.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၅၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၈.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၅.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၉၄၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၁၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပို့ကုန်တင်ပို့မှုမြင့်တက်ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ် သုံးလကျော်တွင် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုတိုးတက်ခဲ့သည့်အပြင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၇၂၀ ကျော် လျော့ကျ




ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ် သုံးလကျော်တွင် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု တိုးတက်ခဲ့သည့်အပြင် ကုန်သွယ်မှု လိုငွေ ဒေါ်လာသန်း ၇၂၀ ကျော် အထိ လျော့ကျခဲ့ကြောင်း စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၈၃ ဘီလျံအထိ ရရှိထားသည်။ ယခင်နှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၇၈ ဘီလျံသာ ရရှိထားသည်။ ထို့ကြောင့်လက်ရှိဘဏ္ဍာနှစ် သုံးလကျော်တွင် စုစုပေါင်းကုန်သွယ်မှုသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၄ ဘီလျံအထိ ပိုမိုရရှိခဲ့ကြောင်းသိရသည်။ ယင်းကဲ့သို့ ကုန်သွယ်မှုမြင့်တက်ခဲ့ခြင်းက အဆိုပါကာလအတွင်း ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်သည်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂၈ ဘီလျံအထိရှိပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ တစ်ဘီလျံကျော်အထိ မြင့်တက်ခဲ့ကြောင်းသိရသည်။ ကုန်သွယ်မှုလိုငွေဆိုသည်မှာ မိမိနိုင်ငံက တင်ပို့သည့် ပို့ကုန်တန်ဖိုးပမာဏထက် ပြည်ပမှတင်သွင်းသည့် သွင်းကုန်တန်ဖိုးပမာဏ ပိုများနေခြင်းကိုဆိုလိုသည်။ လက်ရှိဘဏ္ဍာနှစ် သုံးလကျော်တွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂၈ ဘီလျံရှိပြီး ပြည်ပမှသွင်းကုန်တင်သွင်းမှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၅၄ ဘီလျံရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလကျော်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ တင်သွင်းထားသည့် သွင်းကုန်ပမာဏသည် ပြည်ပသို့ တင်ပို့ထားသည့် ပို့ကုန်ပမာဏထက် အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၈၈၉ သန်းအထိ ပိုမိုတင်သွင်းထားသည်။

ကုန်သွယ်မှုလိုငွေမှာလည်း အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၈၈၉ သန်းအထိ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၈၄၇ ဒသမ ၈၀၄ သန်းအထိ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလကျော်

အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်သွယ်လိုငွေပမာဏသည် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၇၂၁ ဒသမ ၉၁၅ သန်းအထိ လျော့ကျခဲ့ကြောင်းသိရသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလကျော်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၁၂၅ ဒသမ ၈၈၉ သန်းသာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၈၄၇ ဒသမ ၈၀၄ သန်းအထိရှိခဲ့သည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလကျော်တွင် ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်မှုသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၇၂၁ ဒသမ ၉၁၅ သန်းအထိ လျော့ကျခဲ့ခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလျံရရှိရန် ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ရှိ Fortune Plaza ၌ ပြုလုပ်သည့် “ Myanmar Entrepreneurship Summit 2019” တွင် မီဒီယာများ၏ မေးမြန်းမှုကို ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ “ ဒီနှစ်အတွက် သိပ်မများပါဘူး။ ကုန်သွယ်မှုက ဒေါ်လာ ၃၄ ဘီလျံလောက် မှန်းထားတယ်။ ပို့ကုန်ပိုင်းကတော့ ဒေါ်လာ ၁၈ ဘီလျံလောက် မှန်းထားတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ယခင်နှစ်နည်းတူ ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ သာရှိစေရန် မျှော်မှန်း ထားသော်လည်း လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲများ ရှိနေသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ လျှော့ချရန်မျှော်မှန်းခဲ့သည်။ သို့သော် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ အမေရိ ကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော်ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ဘဏ္ဍာနှစ်ကြားကာလခြောက်လတွင် စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၈ ဘီလျံကျော်ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ တစ်ဘီလျံကျော်အထိဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/153936

## ၂၀၁၉ ခုနှစ် အောက်တိုဘာအထိ ၁၀ လအတွင်း မြန်မာနိုင်ငံတွင် Brand New ကားသစ် ၁၆၈၆၃ စီး ရောင်းချနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ရောင်းအား ၂၅ ရာခိုင်နှုန်းကျော်မြင့်တက်



၂၀၁၉ ခုနှစ် အောက်တိုဘာအထိ ၁၀ လအတွင်း မြန်မာနိုင်ငံတွင် Brand New ကားသစ်စီးရေ ၁၆၈၆၃ စီး ရောင်းချနိုင်ခဲ့ပြီး ယခင် နှစ်ကာလတူထက် ၂၅ ရာခိုင်နှုန်းကျော် မြင့်တက်ကာ အာဆီယံနိုင်ငံများအနက် တိုးတက်မှုနှုန်း အမြင့်ဆုံး ဖြစ်ကြောင်း ASEAN Auto- motive Federation က ထုတ်ပြန်သောဒေသတွင်း ကားသစ်ရောင်းချမှုနှင့် ထုတ်လုပ်မှု ဆိုင်ရာ အချက်အလက်များအရသိရသည်။ အာဆီယံ ဈေးကွက်တစ်ခုလုံးအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာအထိ ကားသစ်ရောင်းချမှုပမာဏ ၂၈၅၀၇၉၉ စီးရှိပြီး ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ကားသစ်ရောင်းချမှုပမာဏ နှစ်ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ကာ မြန်မာနိုင်ငံက တိုးတက်မှုနှုန်း ၂၅ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် Brand New ကားသစ်စီးရေ ၈၂၂၅ စီး ရောင်းချနိုင်ခဲ့ရာ ၂၀၁၆ ခုနှစ်ကထက် ၉၇ ရာခိုင်နှုန်းကျော် များပြားခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း ၂၀၁၇ ခုနှစ်ကာလတူထက် အစီးရေ ၉၂၉၉ စီး၊ ရာခိုင်နှုန်းအားဖြင့် ၁၁၃ ရာခိုင်နှုန်း ပိုမိုရောင်းချခဲ့ရပြီး ၂၀၁၈ ခုနှစ်အတွင်း ကားစီးရေ ၁၇၅၂၄ စီး ရောင်းချခဲ့ရသည်။ မြန်မာဈေးကွက်၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၇၄၀ စီး၊ ဖေဖော်ဝါရီတွင် ၁၃၉၆ စီး၊ မတ်တွင် ၁၄၈၃ စီး၊ ဧပြီတွင် ၉၅၅ စီး၊ မေတွင် ၁၆၀၇ စီး၊ ဇွန်တွင် ၁၆၇၈ စီး၊ ဇူလိုင်တွင် ၁၇၂၄ စီး၊ ဩဂုတ်တွင် ၁၈၅၈ စီး၊ စက်တင်ဘာတွင် ၁၈၂၂ စီး၊ အောက်တိုဘာတွင် ၂၆၀၀ စီးရောင်းချနိုင်ခဲ့ပြီး

ယခင်နှစ်ကာလတူထက် ၃၄၇၅ စီး ပိုမိုရောင်းနိုင်ခဲ့ကာ တိုးတက်မှုနှုန်း ၂၅ ဒသမ ၉၅ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ကားသစ်စီးရေ ၄၁၆၈ စီး ရောင်းချခဲ့ရပြီး မြန်မာအစိုးရ၏ ကားတင်သွင်းမှုဆိုင်ရာမူဝါဒ အပြောင်းအလဲကြောင့် ၂၀၁၇ ခုနှစ်အတွင်း ကားသစ်စီးရေ ၈၂၀၀ ကျော်အထိ၊ ၂၀၁၈ ခုနှစ်တွင် ကားသစ်စီးရေ ၁၇၀၀၀ ကျော်အထိ ရောင်းချခဲ့ရကာ ၂၀၁၉ ခုနှစ် ၁၀ လအတွင်း ကားသစ်စီးရေ ၁၆၈၀၀ ကျော်အထိ ရောင်းချခဲ့ရခြင်းဖြစ်သည်။ ကားသစ်များ ရောင်းချမှုနှင့် ထုတ်လုပ်မှုများအတွက် မြန်မာဈေးကွက်သည် ထွန်းသစ်စဈေးကွက်တစ်ခုဖြစ်လာပြီး နှစ်အလိုက်တိုးတက်မှုနှုန်း ဆက်လက်မြင့်မားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ကားသစ်ရောင်းချမှုပမာဏ တိုးတက်မှုနည်းတူ မြန်မာနိုင်ငံတွင် ကားသစ်ထုတ်လုပ်မှုပမာဏ တိုးတက်မှု ဆက်တိုက်ဖြစ်ပေါ်လျက်ရှိပြီး ၂၀၁၉ ခုနှစ် ၁၀ လအတွင်း အစီးရေ ၁၂၈၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်။ အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံခြောက်နိုင်ငံတွင် ကားသစ်တပ်ဆင်ထုတ်လုပ်မှုများ ပြုလုပ်နေပြီး အာဆီယံဒေသ တစ်ခုလုံးအနေဖြင့် ၂၀၁၇ ခုနှစ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ရှစ်ရာခိုင်နှုန်း တိုးတက်မှုရှိသော်လည်း မြန်မာနိုင်ငံက ၂၀၁၇ ခုနှစ်တွင် ရာခိုင်နှုန်း ၃၂၀ ကျော်၊ ၂၀၁၈ ခုနှစ်တွင် ရာခိုင်နှုန်း ១၅၀ ခန့်၊ ၂၀၁၉ ခုနှစ် ၁၀ လအတွင်း ရာခိုင်နှုန်း ၃၀ ခန့်တိုးတက်ခဲ့သည်။

အာဆီယံဈေးကွက်တစ်ခုလုံးအနေဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ကားသစ်တပ်ဆင်ထုတ်လုပ်မှု ပမာဏ ၃၅၂၇၈၃၂ စီးရှိပြီး ယခင် နှစ်ကာလတူထက် လေးရာခိုင်နှုန်း ဝန်းကျင်ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံက တိုးတက်မှုနှုန်း ရာခိုင်နှုန်း ၃၀ ဝန်းကျင်ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် အတွင်း တပ်ဆင်ထုတ်လုပ်သည့် ကားသစ်စီးရေ ၄၉၃၀ စီးဖြစ်ပြီး ၂၀၁၆ ခုနှစ်ကထက် ၃၇၇၈ စီး ပိုမိုကာ တိုးတက်မှုပမာဏ ၃၂၈ ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း ကားစီးရေ ၁၂၂၉၂ စီး တပ်ဆင်ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ၇၃၆၂ စီး ပိုမိုကာ တိုးတက်မှုနှုန်း ၁၄၉ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း လအလိုက် ထုတ်လုပ်ခဲ့သည့် ကားသစ်စီးရေ ပမာဏများမှာ ဇန်နဝါရီတွင် ၁၄၀၁ စီး၊ ဖေဖော်ဝါရီတွင် ၁၂၉၈ စီး၊ မတ်တွင် ၁၀၄၃ စီး၊ ဧပြီတွင် ၈၈၅ စီး၊ မေတွင် ၁၅၀၁ စီး၊ ဇွန်တွင် ၁၄၉၂ စီး၊ ဇူလိုင်တွင် ၁၁၃၅ စီး၊ ဩဂုတ်တွင် ၁၃၈၁ စီး၊ စက်တင်ဘာတွင် ၁၄၅၃ စီး၊ အောက်တိုဘာတွင် ၁၂၂၆ စီးဖြစ်သည်။

**Source:** https://news-eleven.com/article/153918

## တရုတ်နှစ်သစ်ကူးအမီ ဆိတ်ဈေးကွက်ကောင်းရန် မျှော်မှန်းထား




တရုတ်နှစ်သစ်ကူးကာလအမီ ဆိတ်အရှင်တင်ပို့မှု ဈေးကွက်ကောင်းရန် မျှော်မှန်းထားကြောင်းသိရသည်။ လက်ရှိတွင် ဆိတ်ကို မြန်မာဘက်က တရားဝင် တင်ပို့နေသော်လည်း တရုတ်ကုန်သည်များက မှောင်ခိုဈေးကွက်ဖြင့်သာ ရောင်းချနေ၍ ဈေးကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်အတွင်း အသားတိုးမွေးမြူထားသော ဂျိတ်နီ အမျိုးအစား ဆိတ်အရည်အသွေးကောင်း ရောင်းတမ်းဝင် ပေါင် ၈၀ အထက် တစ်ပေါင်လျှင် ကျပ် ၂၂၀၀ ခန့်သာ ပေါက်ဈေးရှိပြီး ယခင်နှစ်ထက် တစ်ပေါင်လျှင် ကျပ် ၅၀၀ ခန့် ဈေးလျော့ကျနေကြောင်း မကွေးတိုင်း၊ ရေစကြိုမြို့နယ် တောင်စဉ်ကျေးရွာနေ ဦးကျော်ရွှေကပြောသည်။

“လက်ရှိ ဆိတ်ပေါက်ဈေးက တစ်ပေါင် ကျပ် ၂၁၀၀၊ ၂၂၀၀ ဈေးပဲ ရှိသေးတယ်။ မနှစ်က ဒီအချိန် အကောင် ပေါင် ၇၀အောက်ဆိုရင် တစ်ပေါင် ကျပ် ၂၅၀၀၊ အထက်ဆိုရင် ကျပ် ၂၇၀၀ ကျော် ဈေးရှိတယ်။ ဒီဇင်ဘာလ ကုန်လောက်ဆိုရင် ဆိတ်ဈေးက တက်နိုင်မယ်မှန်းပါတယ်။ တရုတ်နှစ်သစ်ကူး နီးလာပေမယ့် တရုတ်နိုင်ငံ ဘက်ခြမ်းမှာလည်း ဖမ်းဆီးမှုတွေ ရှိနေလို့ကုန်သည်တွေ ဝယ်ယူမှုနည်းနေတယ်။ ပွဲတော်ရက်တွေဆိုရင်တော့ ရောင်းအားကောင်းပါတယ်။ ဆိတ်တွေကရှိတယ်။ ဈေးကွက်က အေးနေတာပါ“ဟု ၎င်းက ပြောသည်။ တရုတ်ဘက်ခြမ်းတွင် ဖမ်းဆီးမှုများရှိပါက ဈေးနှုန်းကျဆင်းတတ်ပြီး တရုတ်ပွဲတော်ကာလများတွင် ဝယ်လိုအားကောင်းဈေးကောင်းတတ်ကြောင်း မူဆယ်ဈေးကွက် ဆိတ်ရောင်းဝယ်ရေး

အေးဂျင့်ဒေါ်နန်းမေရှိန်းက ပြောသည်။ “တရုတ်ဘက်မှာ တရားဝင်မဟုတ်တော့ ဈေးကွက်က မငြိမ်ဘူး။ တရုတ်ဘက်မှာ ဖမ်းဆီးမှုတွေရှိရင် ဈေးကျတယ်။ မနှစ်ကလောက် ဈေးမကောင်းဘူး။ တစ်ကျင်(နှစ်ကီလိုခန့်) ကို ၂၄ ယွမ်လောက် ဈေးပေါက်ပေမယ့် ဝယ်လက်အဆင်း နည်းတယ်”ဟုပြောသည်။ ယခင်နှစ် တရုတ်နှစ်သစ်ကူးမတိုင်မီ တစ်လခန့်အလိုကတည်းက ဆိတ်အရှင်တင်ပို့မှုများပြီး ဆိတ်ဈေးကောင်းခဲ့ကြောင်း၊ ယခုနှစ် တရုတ်နှစ်သစ်ကူးကာလမှာ ဇန်နဝါရီ ၂၄ ရက်တွင် ကျရောက်မည်ဖြစ်သော်လည်း ဒီဇင်ဘာလကုန်ပိုင်းအထိ ဈေးကွက်အေးနေကြောင်းသိရသည်။ တရုတ်ဈေးကွက်တွင် တရားဝင် ဝယ်ယူမှုမျိုးမရှိသေးခြင်းကြောင့် ဈေးကွက်အာမခံမရှိသေးကြောင်း၊ မြဝတီနယ်စပ်ထွက်ပေါက်မှလည်း တင်ပို့မှုများရှိနေသော်လည်း ပမာဏ အနည်းငယ်သာဖြစ်ကြောင်း ဆိတ်အရှင်တင်ပို့သူများထံမှသိရသည်။ ဆိတ်သားပေါက် ငါးလသားအရွယ် နို့ခွဲဆိတ်တစ်ပေါင်လျှင် ကျပ် ၁၉၀၀ ပေါက်ဈေးဖြင့်ဝယ်ယူကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8587077

## ဂျပန်နှင့် ကိုရီးယားကုမ္ပဏီများ ရေလုပ်ငန်းနှင့်မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေး




ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့က ကုမ္ပဏီများ မြန်မာနိုင်ငံရှိ ရေလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် လာရောက်ဆွေးနွေးနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ထံမှ သိရသည်။“အခုချိန်မှာတော့ မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းမှာ ရင်းနှီးမြှုပ်နှံဖို့ လာရောက်ဆွေးနွေးတာဖြစ်ပါတယ်။ ငါးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ရယ်။ နို့နဲ့ နို့ထွက်ပစ္စည်းလုပ်ငန်းပိုင်းတွေမှာ ရင်းနှီးလုပ်ကိုင်ဖို့ကို လာဆွေးနွေးတာ ဖြစ်တယ်”ဟု အဆိုပါဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် အခြားသက်ဆိုင်သော အချက်အလက်များကိုလာရောက်ဆွေးနွေးမေးမြန်းခြင်းဖြစ်သည်။ “သူတို့တွေအနေနဲ့ ဒီမှာလုပ်ငန်းတွေ လာရောက်ရင်းနှီးမြှုပ်နှံရင် ဘယ်လိုခံစားခွင့်တွေရမလဲ၊ သူတို့လိုအပ်တဲ့ ပစ္စည်းတွေကို တင်သွင်းလို့ရမလား။ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို နိုင်ငံတော်က ဘယ်လို အကာအကွယ်ပေးမလဲစတဲ့ အချက်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးထားတယ်”ဟု ဦးသန့်စင်လွင်ကပြောသည်။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော် ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်၊ မုတ္တမ ပင်လယ်ကွေ့တို့နှင့်ဆက်စပ်လျက်ရှိရာ ကမ်းရိုးတန်းဒေသနေ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရေထွက်နှင့် သားငါးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည် အရေးပါသည့်အခွင့်အလမ်းများဖြစ်ကြောင်း၊ မြန်မာ့ရေပြင်အနည်းငယ်ကိုသာ ငါးဖမ်းလုပ်ငန်းအတွက် အကျိုးရှိရှိ အသုံးပြုလျက်ရှိကာ ငါးနှင့်ရေထွက်လုပ်ငန်းအတွက် ရေချိုငါးကန် ဟက်တာပေါင်း ၅၀၀၀၀ ဖြင့်လုပ်ကိုင်လျက်ရှိသောကြောင့် ကမ်းနီး၊ ကမ်းဝေး ရေထွက်နှင့်သားငါးမွေးမြူထုတ်လုပ်ခြင်းကဏ္ဍတွင် အလားအလာကောင်းများစွာရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနထံမှသိရသည်။မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၀ ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ၅၁၄ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်။ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ကိုရီးယား၊ ယူကေ၊ ဗီယက်နမ်၊ နယ်သာလန်၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ ဘရူနိုင်း၊ ဩစတြေးလျနှင့်အီတလီနိုင်ငံတို့က ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်,** http://htwettoe.com/article-details/news/8580104

## ပြည်တွင်းဆန်ကြမ်းဈေး တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ ဝန်းကျင်သာရှိပြီး ဧည့်မထဆန် တစ်အိတ်လျှင် တစ်နှစ်အတွင်း ကျပ် ၂၅၀၀ ခန့်ကျဆင်း



၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်းဆန်ကြမ်းဈေး တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ ဝန်းကျင်သာရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် တစ်နှစ်အတွင်း ကျပ် ၂၅၀၀ ခန့် ကျဆင်းကာ လေးနှစ်အတွင်း ကျပ် ၃၀၀၀ ခန့်ကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့်စာရင်းများအရသိရသည်။

၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ဇန်နဝါရီလ အတွင်းက ကျပ် ၁၉၃၀၀၊ ဖေဖော်ဝါရီလတွင် ကျပ် ၁၉၅၀၀၊ မတ်လတွင် ကျပ် ၁၈၈၀၀၀၊ ဧပြီလတွင် ကျပ် ၁၇၈၀၀၊ မေလတွင် ကျပ် ၁၇၃၀၀၊ ဇွန်လတွင် ကျပ် ၁၇၅၀၀၊ ဇူလိုင်လတွင် ကျပ် ၁၈၀၀၀၊ ဩဂုတ်လတွင် ကျပ် ၁၇၇၀၀၊ စက်တင်ဘာလတွင် ကျပ် ၁၈၀၀၀၊ အောက်တိုဘာတွင် ကျပ် ၁၇၇၀၀၊ နိုဝင်ဘာတွင် ကျပ် ၁၇၅၀၀ နှင့် ဒီဇင်ဘာတွင် ကျပ် ၁၆၇၀၀ ဈေးရှိခဲ့သည်။ ထို့ကြောင့် တစ်နှစ်အတွင်း ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၅၀၀ ခန့် ကျဆင်းခဲ့သည်။

၂၀၁၆ ခုနှစ်က ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ ဈေးရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ် (ဒီဇင်ဘာ) တွင်မူ တစ်အိတ်လျှင် ကျပ် ၁၆၇၀၀ ဈေးရှိခဲ့ကာ လေးနှစ်အတွင်း ကျပ် ၃၀၀၀ ကျော် ဈေးကျခဲ့ခြင်း ဖြစ်သည်။ ၂၀၁၉ ခုနှစ်အတွင်း ငစိန် ၂၅ မှတ်ဈေးများမှာ ၁၀၈ ပေါင်တစ်အိတ်လျှင် ဇန်နဝါရီလအတွင်းက ကျပ် ၁၉၇၀၀၊ ဖေဖော်ဝါရီလတွင် ကျပ် ၁၉၇၀၀၊ မတ်လတွင် ကျပ် ၁၉၇၀၀၊ ဧပြီလတွင် ကျပ် ၁၉၇၀၀၊ မေလတွင် ကျပ် ၁၉၇၀၀၊ ဇွန်လတွင် ကျပ် ၁၉၇၀၀၊ ဇူလိုင်လတွင် ကျပ် ၁၈၀၀၀၊ ဩဂုတ်လတွင် ကျပ် ၁၉၇၀၀၊ စက်တင်ဘာလတွင် ကျပ် ၁၉၇၀၀၊ အောက်တိုဘာတွင် ကျပ် ၁၉၀၀၀ နှင့် နိုဝင်ဘာတွင် ကျပ် ၁၇၀၀၀၊ ဒီဇင်ဘာတွင် ၁၇၂၀၀ ကျပ်ဈေးရှိခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်းက ပေါင် ၁၈၀ ရှိ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ၄၃၀၀၀ ကျပ်၊ ရေဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၃၆၀၀၀၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ငစိန် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ်၂၀၅၀၀ ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ၁၈၀ပေါင်ရှိ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၄၆၀၀၀၊ ရေဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၈၀၀၀၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ ငစိန် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၈၃၀၀ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ပေါင် ၁၈၀ရှိ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ရေဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၃၀၀၀၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၉၇၀၀၊ ငစိန် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ အထိ ဈေးရှိသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် ပေါင် ၁၈၀ ရှိ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ၆၀၀၀၀ ကျပ်၊ ရေဝတီပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၂၈၀၀၀၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၆၇၀၀၊ ငစိန် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၇၂၀၀ အထိ ဈေးရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

**Source:** https://news-eleven.com/article/153845

## မြန်မာအပါအဝင် လေးနိုင်ငံစီးပွားရေးဝန်ကြီးများအစည်းအဝေး ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပ

ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဇန် နဝါရီ ၁၂ ရက်ဟနွိုင်းမြို့တွင် လက်ခံကျင်းပသည့် ကမ္ဘောဒီး ယား၊ လာအို၊ မြန်မာနှင့် ဗီယက် နမ် (CLMV) တို့၏ (၁၈) ကြိမ် မြောက်အစည်းအဝေးသို့ ယင်းနိုင်ငံများမှ အကြီးတန်းအရာရှိ များတက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးသည် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လမ်းကြောင်းအတွင်း CLMV လေးနိုင်ငံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်၏ အရေး ပါသောအစည်းအဝေးဖြစ်သည်။ တစ်နှစ် နှစ်ကြိမ်ကျင်းပသော ယင်းအစည်းအဝေးသည် ၂၀၁၉ စက်တင်ဘာ ၅ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသော (၁၁) ကြိမ်မြောက် CLMV စီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးမှ ရလဒ်များ အမှန် တကယ်ဖြစ်ပေါ်လာရေး

အစီအစဉ်အပေါ်အဓိကထား ဆွေးနွေးခဲ့သည်။

အကောင်အထည်ဖော်မည့် အစီအစဉ်များတွင် ၂၀၁၉ – ၂၀၂၀ CLMV အရေးယူဆောင် ရွက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရေးနှင့် ပြီးခဲ့သည့် စက်တင်ဘာက လေးနိုင်ငံစီးပွား ရေးဝန်ကြီးများလက်ခံအတည်ပြု ခဲ့သည့် CLMV ဖွံ့ဖြိုးရေး မူဘောင် အားလက်ခံအတည်ပြုရေး လိုအပ်သော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေးတို့ပါဝင်ကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (MOIT) ၏ အာရှ-အာဖရိကဈေးကွက်ဌာန၏ ဖော်ပြချက်အရသိရသည်။ အာဆီယံပေါင်းစည်းရေး အစီအစဉ် (AIA) တတိယပိုင်းနှင့် ဆက်စပ်သော အစီအစဉ်ဖော် ဆောင်ရေးအတွက် အရာရှိများ ဆွေးနွေးခဲ့ကာ အခြားဆက်စပ် ကိစ္စရပ်များလည်း ပါဝင်ကြောင်း သိရသည်။

**Source:** https://7day.news/–175727

## ငွေကြေးဖောင်းပွမှုနှင့် တိုင်းပြည်ဝင်ငွေတိုးမြင့်မှုကို ထည့်သွင်းတွက်ချက်ပြီး ရိုးရှင်းသည့်စနစ်ဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် နှစ်စဉ်အခွန်တိုးမြှင့်နိုင်ရန် ပြင်ဆင်နေ



ငွေကြေးဖောင်းပွမှုနှင့် တိုင်းပြည်ဝင်ငွေ တိုးမြင့်မှုကို ထည့်သွင်းတွက်ချက်ပြီး ရိုးရှင်းသည့်စနစ်ဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် နှစ်စဉ်အခွန်တိုးမြှင့်နိုင်ရန်ပြင်ဆင်နေကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှသိရသည်။ လက်ရှိဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု လျှော့ချရန် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ ပိုမိုပြည့်စုံသည့် ဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ငွေကြေးဖောင်းပွမှုနှင့် တိုင်းပြည်ဝင်ငွေ တိုးမြင့်မှုတို့ကို ထည့်သွင်းတွက်ချက်၍ ရိုးရှင်းသည့်စနစ်ဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် နှစ်စဉ်အခွန်တိုးမြှင့်ခြင်းဖြင့် ပြည်သူများတတ်နိုင်သည့် ဈေးနှုန်းမဖြစ်စေရန် တိုးမြှင့်ကောက်ခံခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ အပိုဒ်ခွဲ (၈) နှင့် လမ်းညွှန်တို့နှင့်အညီ ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများကို ဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ခြင်းစသည့် နည်းဗျူဟာများကို လုပ်ဆောင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲမှုမှာ တစ်နေ့တခြားတိုးတက်လျက်ရှိသည့်အပြင် ပစ္စည်းအမျိုးအစားစုံလင်ပြီး ထုတ်လုပ်မှုအရေအတွက် တိုးပွားလာသကဲ့သို့ ပစ္စည်းတန်ဖိုးမှာလည်း အာဆီယံနိုင်ငံများအကြားတွင် အနည်းဆုံးဈေးဖြင့် ဝယ်ယူရရှိနိုင်ကြောင်း၊ ပြည်တွင်း၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အခါအားလျော်စွာ အခွန်တိုးမြှင့် ကောက်ခံသည့်တိုင်အောင် တက်လာသည့်ဈေးသည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် နည်းပါးလျက်ရှိနေကြောင်းနှင့် မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှစ၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်သုံးစွဲမှု လျှော့နည်းကျဆင်းရေးအတွက် ဥပဒေထုတ်ပြန်ပြီး ထိန်းချုပ်မှုများ ဆောင်ရွက်နေသော်လည်း ဥပဒေလိုက်နာစေရန် ပညာပေးမှုနှင့် ဥပဒေချိုးဖောက်မှုများကို အပြစ်ပေးအရေးယူမှု အားနည်းနေကြောင်းသိရသည်။ “မြန်မာနိုင်ငံမှာက ဆေးလိပ်ရောင်းတဲ့အပေါ်မှာ မူတည်ပြီးကောက်တော့ တကယ်ထိရောက်မှုအရ ပြန်ကြည့်ရင် ၃၀ ရာခိုင်နှုန်းပဲ ထိရောက်မှုရှိတယ်။ ဆေးလိပ်က တန်ဖိုးကြီးလေ အခွန်နည်းလေ ဖြစ်နေတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ အခွန်ကောက်ခံနှုန်းက ၇၀ ရာခိုင်နှုန်း အထက်မှာရှိတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ဆိုရင် အများစုကဆေးလိပ်ရဲ့ ၇၀ ရာခိုင်နှုန်းအထိ အခွန်ကောက်မှရမယ်လို့ ပြောထားတယ်။ ထိုင်းနိုင်ငံတို့မှာဆို ၇၀ ရာခိုင်နှုန်းကျော်ပါတယ်။ ဒီလိုဖြစ်လာအောင် သူတို့လည်း ၁၀ နှစ်လောက်ကြိုးစားခဲ့ရတယ်။ မြန်မာနိုင်ငံမှာက ဆေးလိပ်နဲ့ပတ်သက်ပြီး ပေါ်လစီလည်းမရှိဘူး။ တစ်နှစ်တစ်ခါသတ်မှတ်တဲ့ ဥပဒေသာလျှင် အခွန်ဥပဒေ ပဲလို့လုပ်ထားပြီး ရေရှည်အတွက်လုပ်ထားတာမျိုး မရှိသေးဘူး။ ဆေးလိပ်တစ်ဘူး ၁၀၀၀ ကျော်လည်း ၁၆ ကျပ်ပဲ အခွန်ရတယ်။ ဒီ့ထက်ပိုတိုးကောက်စေချင်တယ်” ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ စီးကရက်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အမြတ်ခွန်၊ ကုန်သွယ် လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ကောက်ခံခဲ့ကြောင်း၊ ထိုစဉ်က စီးကရက်အပေါ် ၇၅ ရာခိုင်နှုန်း၊ ဆေးပေ့ါလိပ် အပေါ် ရာခိုင်နှုန်း ၂၀၊ ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုးအပေါ် ရာခိုင်နှုန်း ၂၀၊ ဗာဂျီးနီးယားပေါင်းတင်ပြီး ဆေးအပေါ် ၁၀ ရာခိုင်နှုန်း အသီးသီးက ောက်ခံခဲ့ကြောင်းနှင့် စီးကရက်များအပေါ် ရောင်းချသည့်အရေအတွက် သိရှိနိုင်ရန် အခွန်တံဆိပ်ရောင်ခြင်း၊ မှောင်ခိုတင်သွင်း ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ထိန်းချုပ်နိုင်ရန်အတွက် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရေး လုပ်ငန်းအစီ အစဉ်ကို ၂၀၁၇ ခုနှစ် ဧပြီမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/153813

## ကျေးလက်တွင် အသေးစားစက်သုံးဆီဆိုင်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်



မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်တောရွာများတွင် သတ်မှတ် စည်းကမ်းနှင့်အညီ အသေးစား စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချနိုင်ရေး ဆောင်ရွက်နေကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုထံမှသိရသည်။ "ယနေ့ကာလ ကျေးလက်တောရွာတွေမှာ ဆိုင်ကယ်တွေ၊ မော်တော်ယာဉ် တွေ၊ လယ်ယာသုံးစက်ကိရိယာတွေများလာတယ်။ ကျေးရွာတွေမှာ ရေသန့်ဘူးခွံလေးတွေနဲ့ ဓာတ်ဆီရောင်းချတာတွေကို ဖမ်းဆီးထောင်ချ တာတွေအထိရှိနေတော့ ပြည်သူတွေရဲ့လိုအပ်ချက်ကို ဖြည့် ဆည်းပေးတဲ့ အနေနဲ့ မီနီပန့် အသေးလေးတွေနဲ့ စက်သုံးဆီ ရောင်းချခွင့်ပေးဖို့ ပြည်ထောင်စု အစိုးရဆီတင်ပြထားတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုကပြောသည်။

ကျေးလက်တောရွာများတွင် လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို တွင်ကျယ်စွာ အသုံးပြုလာသဖြင့် စက်သုံးဆီ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရေးအတွက် ယခုလိုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။ "အရင်အစိုးရလက်ထက်က ပန့်အသေးစားနဲ့ စက်သုံးဆီရောင်းချတာကိုခွင့်မပြုဘဲ တရားဝင်စက်သုံးဆီဆိုင်ကြီးတွေကို ပန့်အကြီးတွေနဲ့ ရောင်းချခွင့်ပြုတာတွေ့ရပါတယ်။ စက်သုံးဆီဆိုင်တွေနဲ့ အလှမ်းဝေးတဲ့ကျေးရွာတွေမှာ စက်သုံးဆီကို ခိုးရောင်းနေကြတော့ မီးဘေးအန္တရာယ်စိုးရိမ်ရတယ်။ အဲဒါကြောင့် ကျေးရွာတွေမှာ အသေးစားစက်သုံးဆီဆိုင် ရောင်းချ ခွင့်ပြုတဲ့အခါ ကျေးရွာနဲ့ကိုက် ၁၀၀၀ ကျော်ဝေးတဲ့ နေရာတွေမှာသာ ရောင်းချခွင့်ပြုမှာဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။ ကျေးရွာများတွင် ဆိုင်ကယ်၊ မော်တော် ယာဉ်နှင့်လယ်ယာသုံးစက်ကိရိယာများအတွက် စက်သုံးဆီ အရေးတကြီးလိုအပ်ပါက ရေသန့် ဘူး၊ ဂါလန်ခွက်တို့ဖြင့်သာ ရောင်းချနေသူများထံမှ ဝယ်ယူနေရကြောင်း သိရသည်။ "ရွာမှာက ထွန်စက်၊ ထော်လာဂျီ လက် တွန်းထွန်စက်၊ နွားစာစဉ်းစက်နဲ့ ရေစုပ်စက်တွေအပြင် ဆိုင်ကယ်တွေ၊ မော်တော်ယာဉ်တွေလည်း ပေါလာတယ်။ အဲဒီစက်တွေရှိတော့ ဒီဇယ်ဆီ၊ ဓာတ်ဆီတွေ လှောင်ခွင့်မပြုတာကို ခိုးလှောင်ပြီး ရောင်းချကြတယ်။ မီးဘေးအန္တရာယ် စိုးရိမ်ရပါတယ်။ သတ်မှတ်ချက်နဲ့အညီ တရားဝင်ဖွင့်ခွင့်ပေးရင် ရွာထဲမှာသိုလှောင်တာ၊ ရောင်းချတာတွေ လျော့နည်းသွားမှာဖြစ်ပါတယ်"ဟု မင်းဘူးမြို့နယ် ချောင်းဖြူကျေးရွာနေ ဒေသခံတစ်ဦးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/133697.html

## ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းစတင်သည်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီနှင့် နောင်တွင် မြေငှားရမ်း၍ လာရောက် ရင်းနှီးမြှုပ်နှံမည့်သူများ အနေဖြင့် စီမံကိန်းကြောင့် နစ်နာသူများအတွက် လျော်ကြေးပေးခြင်းနှင့် ရွှေ့ပြောင်းနေရာ ချထားခြင်းကို နိုင်ငံတကာ စံနှုန်းများနှင့် ဆောင်ရွက်ရမည်

ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်း စတင်သည်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီနှင့် နောင်တွင်မြေငှားရမ်း၍ လာရောက်

ရင်းနှီးမြှုပ်နှံ မည့်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းများကြောင့် ထိခိုက်နစ်နာသည့် ပုဂ္ဂိုလ်များအတွက် လျော်ကြေးပေးခြင်းနှင့် ရွှေ့ပြောင်းနေရာ ချထားခြင်းကို နိုင်ငံတကာစံနှုန်းများနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အခြေအနေများကို ပြည့်မီ ကိုက်ညီအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီမှ သိရသည်။



ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်းအတွက် ငွေလုံးငွေရင်း အရင်းအနှီးနှင့် တိကျသေချာသော လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ လိုအပ်ချက်များကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အထောက်အထားများ အီတာလျံ-ထိုင်းကုမ္ပဏီထံမှ ရရှိပြီးသည်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အီတာလျံ-ထိုင်းကုမ္ပဏီသို့ စီမံကိန်းစတင် ဆောင်ရွက်ရန် အကြောင်းကြားစာပေးပို့သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းအား မကြာမီကာလအတွင်း စတင်ဆောင်ရွက်နိုင် မည်ဟု ခန့်မှန်းထားသည်။ ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အီတာလျံ-ထိုင်း ကုမ္ပဏီက ကနဦးစီမံကိန်း လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ကနဦးစီမံကိန်းလုပ်ငန်းများအတွင်းပါဝင်သည့် အခြားသောစီမံကိန်းများ ကိုလည်း ယခုပြင်ဆင်ပေးပို့ခဲ့သည့် ကနဦးစက်မှုဇုန်မြေငှားစာချုပ်ကဲ့သို့ ပြင်ဆင်ဆောင်ရွက်ပေးပို့သွားမည်ဖြစ်ပြီး ဆောင်ရွက်မှုများအား မကြာမီအသိပေးကြေညာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆက်လက်ပေးပို့ ဆောင်ရွက် သွားမည့် စီမံကိန်းများတွင် သဘာဝဓာတ်ငွေ့ရည်ဆိပ်ကမ်း စီမံကိန်း၊ ကနဦး လျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့် ဆိပ်ကမ်းငယ် စီမံကိန်းများလည်း ပါဝင်မည်ဖြစ်သည်။

အထက်ပါ အီတာလျံ-ထိုင်း ကုမ္ပဏီက ဆောင်ရွက်မည့် ကနဦး စီမံကိန်း အကောင်အထည်ဖော်နေစဉ် ကာလအတွင်း ထားဝယ်အထူး စီးပွားရေးဇုန်အတွင်း အခြားသောစီမံကိန်းများ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက်လည်း ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စတင်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထားဝယ်အထူးစီးပွားရေး ဇုန်စီမံခန့်ခွဲမှုကော်မတီကသတင်းထုတ်ပြန်ခဲ့သည်။ ထားဝယ်အထူး စီးပွားရေးဇုန်၏ လမ်း၊ မီး၊ ရေ၊ ဆိပ်ကမ်းစသည့် အခြေခံ အဆောက်အအုံဆိုင်ရာ တည်ဆောက်မှုကို လာမည့် သုံး၊ လေး နှစ်အတွင်း အပြီးတည်ဆောက်၍ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်မည်ဖြစ်ကြောင်း ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းက ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားချက်အရသိရသည်။ ထားဝယ်အထူး စီးပွားရေးဇုန်တွင် ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းဟူ၍ ပါဝင်ပြီး ကနဦးစီမံကိန်း၌ နှစ်လမ်းသွား ကားလမ်းဖောက်လုပ်မှု ပါဝင်ကြောင်း သိရသည်။ ထားဝယ်အထူးစီးပွားရေးဇုန် တစ်ခုလုံးတွင် ဧရိယာ ၁၉၆ စတုရန်းကီလိုမီတာရှိပြီး ကနဦး စီမံကိန်းတွင် ၂၇ စတုရန်းကီလိုမီတာပါဝင်ကြောင်း ဒေါက်တာမြင့်ဆန်းကပြောကြားသည်။

**Source:** https://news-eleven.com/article/153922

## ၂၀၁၉ ခုနှစ်အတွင်း Wave Money ဖြင့် ငွေလွှဲပြောင်းမှု သုံးဆမြင့်တက်ခဲ့ပြီး ကျပ် ၆ ဒသမ ၄ ထရီလျံအထိရှိ

၂၀၁၉ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် Wave Money မိုဘိုင်းငွေလွှဲဝန်ဆောင်မှုဖြင့် ငွေလွှဲပြောင်းမှုသည် သုံးဆ မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလျံအထိရှိကြောင်း Wave Money ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ Wave Money သည် ၂၀၁၈ ခုနှစ်အတွင်း ငွေလွှဲပြောင်းမှု ပမာဏကျပ်၂ ထရီလျံ ရှိခဲ့ပြီး ၂၀၁၉ခုနှစ်အတွင်း ငွေကျပ် လွှဲပြောင်းမှု ပမာဏ ကျပ် ၆ ဒသမ ၄ ထရီလျံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလျံ) အထိရှိကြောင်း သိရသည်။ Wave Money မိုဘိုင်းငွေကြေးဝန်ဆောင်မှုအား ၂၀၁၈ ခုနှစ်တွင် သုံးစွဲသူ ခုနစ်သန်းကျော်သာရှိပြီး ၂၀၁၉ ခုနှစ်တွင် သုံးစွဲသူ ၁၇ သန်းကျော်အား ဝန်ဆောင်မှု ပေးခဲ့ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၃၃၀ ကျော်ရှိ မြို့နယ် ၂၉၄ မြို့နယ်တွင် Wave Money ကိုယ်စားလှယ်အေးဂျင့် ၅၆၀၀၀ ကျော်ရှိသည်။ အဆိုပါအေးဂျင့်များအတွက် ကော်မရှင်ခ ကျပ် ၅၅ ဘီလျံ (အမေရိကန် ဒေါ်လာ ၃၇ သန်း) ပေးခဲ့ကြောင်း

သိရသည်။ ၂၀၂၀ ပြည့်နှစ်တွင် Wave Money မိုဘိုင်းဝန်ဆောင်မှု ပမာဏသည် ၂၀၁၉ ခုနှစ်ကထက် ကျော်လွန်ရန် မျှော်မှန်းထားကြောင်း သိရသည်။ “ ၂၀၂၀ မှာလည်း ၂၀၁၉ တုန်းက ရတဲ့ ပမာဏထက် ကျော်ပြီးရမယ်လို့ မျှော်မှန်းထားတယ်။ ၂၀၁၉ မှာ ၂၀၁၈ ကထက် ငွေလွှဲပြောင်းတဲ့ပမာဏ သုံးဆ၊ ကော်မရှင်ခ နှစ်ဆကျော် ရခဲ့တယ်။ ၂၀၂၀ မှာ ၂၀၁၉ ကထက် ကျော်ပြီးရမယ်လို့ မှန်းထားပါတယ်” ဟု Communication Manager မစိုးဟန်နီချိုက ပြောကြားသည်။ ယင်းအပြင် ပင်စင်လစာ ပေးချေရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန် Wave Money နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်း၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ပြင်ဦးလွင်တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပင်စင်စား ဝန်ထမ်းဟောင်းများ အနေဖြင့် တစ်နိုင်ငံလုံးရှိ Wave Money ကိုယ်စားလှယ် ၅၆၀၀၀ ကျော်ထံမှ ပင်စင်ငွေများ ထုတ်ယူလျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် Wave Money သည် ခန့်မှန်းခြေ မြန်မာကျပ်ငွေ ၃ ဒသမ ၇ ဘီလျံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း) အထိ ပင်စင်စားအစိုးရဝန်ထမ်းများနှင့် ငွေကြေးဝန်ဆောင်မှုနှင့် အလှမ်းဝေးသူများအတွက် Wave Money မှတစ်ဆင့် လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/153807

## အနောက်နိုင်ငံများရင်းနှီးမြှုပ်နှံမှုမရှိချိန်၌ အာရှနိုင်ငံများရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုရမည်ဟု ဆို



မြန်မာနိုင်ငံတွင် အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ခြင်း မရှိချိန်၌ တရုတ်အပါအဝင် အာရှနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများကိုလက်ကမ်းကြိုဆိုရမည် ဖြစ်ကြောင်း နိုင်ငံရေး၊ စီးပွားရေးလေ့လာသုံးသပ်သူအချို့ကပြောသည်။ ''အနောက်တိုင်းက ရင်းနှီးမြှုပ်နှံမှုက မြန်မာနိုင်ငံကိုမလာတဲ့အချိန်မှာ အရှေ့တိုင်းက ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုရမှာပဲ။ တရုတ်တို့၊ ဂျပန်တို့၊ တောင်ကိုရီးယားတို့၊ အိန္ဒိယတို့စတဲ့ အရှေ့တိုင်းနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုရလိမ့်မယ်လို့ထင်ပါတယ်''ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးကပြောသည်။

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင်များရှိနေသည့် ဒေသအချို့တွင် အထူးသဖြင့် တရုတ်စီးပွားရေး လုပ်ငန်းများ ကြီးစိုးလုပ်ကိုင်နေမှုကြောင့် အခြားနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုကျဆင်းနိုင်ခြေရှိကြောင်းသိရသည်။ ''အမေရိကန်က အထူးသဖြင့် အရှေ့အလယ်ပိုင်း အီရန်ကို အာရုံ စိုက်နေတယ်။ ကျွန်တော်တို့ ဒေသ တွေကို သိပ်ပြီးတော့ အာရုံမစိုက်နိုင် ဘူး။ သူတို့က တရုတ်နဲ့ပတ်သက်မှုကို ကျေနပ်သလားဆိုတော့ ကျေနပ်မှာမဟုတ်ဘူး။ ရခိုင်မှာ ဘင်္ဂါလီကိစ္စနဲ့ ပတ်သက်ပြီး သူက တာဝန်ရှိတဲ့သူကို အရေးယူဖို့ ဥရောပသမဂ္ဂနဲ့ အသံအတူ တူထွက်နေတာ။ တရုတ်ကတော့ ပြောင်းပြန်ပေါ့။ တရုတ်က ကျွန်တော် တို့ နိုင်ငံကို ထောက်ခံအားပေးတယ်''ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးရဲ ထွန်း (သီပေါ) က ပြောသည်။ နိုင်ငံတော် သမ္မတဦးဝင်းမြင့်၏ဖိတ်ကြားချက်အရ မြန်မာ-တရုတ်ချစ်ကြည်ရေး နှစ်(၇၀) ပြည့် အခမ်းအနားကို တက်ရောက်မည့် တရုတ်သမ္မတရှီကျင့်ဖျင်မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/133668.html

## မန္တလေးမြို့တွင် ပထမဦးဆုံးအကြိမ် Business Challenge 2020 ကျင်းပမည်

နည်းပညာအခြေပြု စွန့်ဦးတီထွင်လုပ်ငန်းများ (Tech Startup)နှင့် အသေးစားနှင့် အလတ်စား မိရိုးဖလာလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်၍ Business Challenge 2020 ကို မန္တလေးမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ကိုးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း စီစဉ်သည့် ဖန်တီးရာအဖွဲ့မှသိရသည်။ ''၂၀၁၇ ခုနှစ်ကတည်းက ရန်ကုန်မြို့မှာ နှစ်စဉ်ကျင်းပလာခဲ့တဲ့ပြိုင်ပွဲကို အခုနှစ်မှာတော့ မန္တလေးမြို့မှာ ပထမဦးဆုံး စီစဉ်ကျင်းပတာဖြစ်ပါတယ်။ သမားရိုးကျ SMEs လုပ်ငန်းတွေအနေနဲ့ တိုးတက် လာတဲ့ ဒစ်ဂျစ်တယ်နည်းပညာခေတ်ကြီးထဲမှာ ကိုယ့်လုပ်ငန်းဟာ တခြားပြိုင်ဘက်တွေကြား နောက်ကျကျန် မနေခဲ့ဖို့ အင်မတန်အရေးကြီးလှပါတယ်။ ဒါကြောင့် လုပ်ငန်းတွေ စနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပါဝင် ရင်းနှီးမြှုပ်နှံချင်သူတွေအတွက် အဆင်သင့်ဖြစ်စေအောင် နည်းပညာကိုအသုံးပြုပြီးတော့ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့

အကြောင်းအရာတွေကို ပြိုင်ပွဲကိုးရက်တာကာလအတွင်းမှာ ဖန်တီးရာရဲ့လုပ်ငန်းအတွေ့အကြုံရှိ ကျွမ်းကျင်သူတွေက သင်ကြားပေးမှာဖြစ်သလို ပွဲနောက်ဆုံးနေ့မှာ ရင်းနှီးမြှုပ်နှံသူတွေထံ ကိုယ့်ရဲ့လုပ်ငန်းကို မိတ်ဆက်တင်ပြနိုင်မှာဖြစ်ပါတယ်"ဟု ဖန်တီးရာအဖွဲ့မှ မန်နေဂျာ ကိုမာန်ဟိန်းထက်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

ပါဝင်ယှဉ်ပြိုင်သူများအတွက် လုပ်ငန်းပေါ်မူတည်ကာ လုပ်ငန်းစတင်ခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းတို့နှင့် ပတ်သက်သည့် သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ပြိုင်ပွဲဝင်များအနေဖြင့် နည်း ပညာလုပ်ငန်းတစ်ခုစတင်ရာ၌ အသုံးပြုသော Business Modelတည်ဆောက်ရန်အတွက် Lean Canvas အသုံးပြုပုံ၊ Product တစ်ခုတည်ဆောက်ရာတွင် အလွန်အသုံးဝင်သော Prototyping tools စသည့်အကြောင်းအရာများကို လေ့လာ သင်ယူနိုင်မည်ဖြစ်၍ အနိုင်ရရှိပါက နည်းပညာစီးပွားရေးကို အကောင်အထည်ဖော်ဆောင်နိုင်မည့် ကူညီပံ့ပိုးမှုများနှင့်အတူ ဆုကြေးအဖြစ် နည်းပညာအခြေပြု စွန့်ဦးတီထွင်လုပ်ငန်းများအတွက် ငွေကျပ် ၂၅ သိန်း၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများနှင့် မိုရိုးဖလာလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲကို မင်္ဂလာမန္တလေးရှိ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီခန်းမတွင် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂ ရက် အထိ ကျင်းပမည်ဖြစ်ရာ ဝင်ကြေးမှာ SMEs လုပ်ငန်းများ အတွက် တစ်ဖွဲ့လျှင် ကျပ် ၂၀၀၀၀ နှင့် Startup များအတွက် တစ်ဖွဲ့လျှင် ကျပ် ၁၀,၀၀၀ သတ်မှတ်ထားပြီး ပွဲနှင့်ပတ်သက်သည့် Info Session များကို ဇန်နဝါရီ ၁၈ ရက်တွင် ပြိုင်ပွဲ ကျင်းပမည့်ခန်းမ၌ပြုလုပ်မည်ဖြစ်သောကြောင့် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် တက်ရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2551959358406607

## မြန်မာ့သရက်သီးများ တရုတ်သို့တင်ပို့နိုင်ရေး လက်မှတ်ရေးထိုး



Myanmar Golden Produce Pte Ltd နှင့် တရုတ်ကုမ္ပဏီ Gangxi Bao Sauce Garden Food Co.,Ltd. တို့ကြား တစ်ဝက်တစ်ပျက် ပြုပြင်ထုပ်ပိုးထားသော သရက်သီးများ တင်ပို့နိုင်ရေး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က တရုတ်နိုင်ငံ နန်နင်းမြို့ရှိ မြန်မာစီးပွားရေး သံမှူးရုံး၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရပါတယ်။

၎င်းနားလည်မှုစာချွန်လွှာအရ ၂၀၂၀ ပြည့်နှစ်၊ မေလမှ ၂၀၂၃ ခုနှစ် ဩဂုတ်လအကြား မြန်မာနိုင်ငံမှ တစ်ဝက် တစ်ပျက် ပြုပြင်ထုတ်လုပ်ထားသော သရက်သီးကုန်ကြမ်း မက်ထရစ် တန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြားကို မြန်မာနိုင်ငံ၊ ရန်ကုန်ဆိပ်ကမ်းမှ တရုတ်နိုင်ငံ၊ ချင်းကျိုးဆိပ်ကမ်းသို့ အအေးခန်း ကုန်သေတ္တာများဖြင့် တင်ပို့ရောင်းချသွားရန် ရည်ရွယ်ထားကြောင်းလည်းသိရပါတယ်။ ထိုကဲ့သို့ တင်ပို့ရောင်းချနိုင်ရေး အတွက် စာချုပ်တွင် လက်မှတ်ရေးထိုးကြသော ကုမ္ပဏီနှစ်ခုအကြား ထုတ်လုပ်မှုနည်းပညာ၊ ဈေးနှုန်းနှင့် အရည်အသွေး စံချိန်စံနှုန်းများကို ဆက်လက်ဆွေးနွေးသွားကြမှာဖြစ်ကြောင်းသိရပါတယ်။

အကောက်ခွန်စာရင်းတွင် ပါဝင်ပြီးဖြစ်တဲ့သစ်သီးဝလံများကို ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက် ရာတွင် မြန်မာနိုင်ငံအစိုးရဌာနဘက်မှ ဆောင်ရွက်ပေးရမည့် အချက်များရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြပေးသွားမှာ ဖြစ်ကြောင်းသိရပါတယ်။ မြန်မာနိုင်ငံတွင် သရက်မျိုးကွဲပေါင်း ၁၅၀ ခန့်စိုက်ပျိုးကြရာ စိန်တစ်လုံးသရက်သီး ကို တရုတ် နိုင်ငံက အများဆုံးဝယ်ယူကြောင်းလည်းသိရပါတယ်။ လက်ရှိတွင် တရုတ်နိုင်ငံမှ တရားဝင်ခွင့်ပြုထားတဲ့ သရက်သီးကို ပင်လယ်ရေကြောင်းမှ တင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီရန် မြန်မာနိုင်ငံမှ ဆောင်ရွက်ပေးရမည့် လိုအပ်ချက်

များကိုလည်း ပံ့ပိုးကူညီမည်ဖြစ်ကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2614-mou-singing-export-to-myanma-mangoes-for-china.html

## တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုလျော့ကျ

တရုတ်နှစ်သစ်ကူးရက် နီးလာချိန်တွင် မြန်မာနိုင်ငံမှ ပို့ ကုန်တင်ပို့နိုင်မှု လျော့ကျလာ သည်ဟု မူဆယ်မြို့ရှိ ကုန်သည်အချို့ကပြောသည်။ တရုတ်နှစ်သစ်ကူးကာလ တွင် နှစ်စဉ်ဇန်နဝါရီ နောက်ဆုံး အပတ်မှ ဖေဖော်ဝါရီပထမအ ပတ်အထိ မြန်မာ၊ တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုရပ်တန့်လေ့ရှိကြောင်း ၎င်းတို့ကပြောသည်။ တရုတ်ကုန်သည်များကနှစ် သစ်ကူးကာလတွင် နေရပ်ပြန် သဖြင့် ကုန်သွယ်ရေးလုပ်ငန်းလုပ် ကိုင်နိုင်မှု မရှိခြင်းဖြစ်ကြောင်း မူ ဆယ်ဆန်ကုန်စည်ဒိုင် အသင်းဝင် ဦးမင်းသိန်းက ပြောသည်။ လက်ရှိတရုတ်အစိုးရက ချထားပေးမည့် ဆန်တင်သွင်းခွင့် ပါမစ်များကလည်း လာမည့်ဖေဖော်ဝါရီ လလယ်နောက်ပိုင်းမှစတင်မည်ဖြစ်သောကြောင့် ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှ ဆန်တင်ပို့နိုင်ခြင်းမရှိဟု ၎င်းကပြောသည်။ ထို့အပြင်ပြောင်းနှင့် သကြားတင်ပို့မှုလည်း တုံ့ဆိုင်းနေသည်။ လက်ရှိ မြန်မာနိုင်ငံမှတရုတ် သို့ ဖရဲအပါအဝင်သစ်သီးများ ကိုအဓိကတင်ပို့နေကြောင်းကုန်သည်အချို့ကပြောသည်။ နှစ်သစ်ကူးကာလတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးနွေးကွေးပြီး လုပ်ငန်းများလုပ်ကိုင်ရန်ခက်ခဲခြင်းကြောင့် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းသူများက ကြိုတင်ပြင်ဆင်လေ့ရှိသည်ဟု မူဆယ်မြို့မှ သွင်းကုန်လုပ်ငန်းရှင် တစ်ဦးကဆိုသည်။ လက်ရှိတွင်တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသော လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်း အများဆုံးတင်သွင်းနေကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံ၌ လက်ရှိတွင် မတ်ပဲစိုက်ပျိုးနေပြီး နွေစပါးကို လည်း မကြာမီစိုက်ပျိုးရန် လယ် သမားများက စီစဉ်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်သမားဦးပြုးကဆိုသည်။ အိန္ဒိယနိုင်ငံမှ မတ်ပဲတန်ချိန်နှစ်သိန်းခွဲ ထပ်မံတင်သွင်းရန် ခွဲတမ်းချမှတ်ထားသဖြင့် ယခုနှစ် မတ်ပဲစိုက်ပျိုးသည့် တောင်သူများကသွင်းအားစုများကို ယခင်နှစ်ထက် ပိုမိုဝယ်ယူသုံးစွဲမည်ဟု ယူဆကြောင်း ကိုယ်တိုင်မတ်ပဲ ၁၀ ဧက စိုက်ပျိုးထားသူဦးပြုးကရှင်းပြသည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ၂၀၁၉-၂၀ ဘဏ္ဍာနှစ်သုံးလကျော်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ကုန်သွယ်ထားသည်။ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးနယ်စပ်လမ်းကြောင်းများတွင် မူဆယ်မှကုန်သွယ်မှုပမာဏက ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရှိသည်။

**Source:** https://7day.news/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80

## ကမ္ဘာ့စျေးကွက်များတွင် ဥရောပ၏ဉာဏပစ္စည်းများ ပိုမိုအကာအကွယ်ပေးနိုင်ရေး ဥရောပကော်မရှင် တိုးမြှင့်ဆောင်ရွက်

တတိယနိုင်ငံများတွင် ဥရောပ၏ အသိဉာဏပစ္စည်းမူပိုင်ခွင့်များ ကာကွယ်ပေးရေးဆိုင်ရာ နောက်ဆုံးရ အစီရင်ခံစာတစ်ရပ်ကို ဥရောပကော်မရှင်၏ ၉.၁.၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ယခင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပြီးနောက် ယခုအစီရင်ခံစာတွင် ဖြစ်ပေါ်တိုးတက်မှုများရှိခဲ့ပြီး၊ ထပ်မံတိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သည့်နယ်ပယ်များလည်း အများအပြားရှိနေသေးကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ ဉာဏပစ္စည်းမူပိုင်ခွင့် ချိုးဖောက်မှုများကြောင့် ဥရောပစီးပွားရေးလုပ်ငန်းများအတွက် ယူရိုဘီလီယံများစွာ ဆုံးရှုံးမှုကိုဖြစ်ပေါ်စေပြီး၊ အလုပ်အကိုင်ထောင်ပေါင်းများစွာကိုလည်း ဆုံးရှုံးနိုင်ခြေကိုကြုံတွေ့နေရကြောင်း၊ ယခုထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အီးယူအနေဖြင့် ၎င်း၏ဉာဏပစ္စည်း မူပိုင်ခွင့်ကာကွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်သွားမည့် နိုင်ငံအုပ်စုသုံးခုကိုသတ်မှတ်ထားကြောင်း ဥရောပကော်မရှင်၏ ၉.၁.၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့သည့် သတင်းအရ သိရှိရပါသည်။ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့်နှင့် ဒေသဆိုင်ရာအညွှန်းစသည့် ဉာဏပစ္စည်းပိုင်ဆိုင်မှုများ ကာကွယ်ခြင်းသည် ဖန်တီးတီထွင်နိုင်စွမ်းကို တွန်းအားပေးနိုင်စေရေး၊ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးနှင့် အီးယူ၏စီးပွားရေးတိုးတက်မှုတို့အတွက်အရေးပါကြောင်း၊ အီးယူပို့ကုန်အားလုံး၏ ၈၂ ရာခိုင်နှုန်းခန့်သည် ဉာဏပစ္စည်းများအပေါ်တွင် အမှီပြုနေသည့်ကဏ္ဍများမှဖြစ်ကြောင်း၊ နည်းပညာအတင်းအကျပ်လွှဲပြောင်းစေခြင်း၊ ဉာဏပစ္စည်းများအားခိုးယူခြင်း၊ အတုအပပြုလုပ်ခြင်းနှင့် တရားမဝင် အသုံးပြုမှုစသည့် ဉာဏပစ္စည်းမူပိုင်ခွင့်ချိုးဖောက်မှုများသည် အီးယူတွင် နှစ်စဉ်

အလုပ်အကိုင်ပေါင်းများစွာကို ခြိမ်းခြောက်နေကြောင်း၊ ယခုအစီရင်ခံစာပါ သတင်းအချက်အလက်များသည် အီးယူစီးပွားရေး လုပ်ငန်းများအပေါ် အတုအပပြုလုပ်ခြင်းနှင့် မူပိုင်ခွင့်တရားမဝင်အသုံးပြုမှုကဲ့သို့သော ဉာဏပစ္စည်းမူပိုင်ဆိုင်မှုချိုးဖောက်ခြင်း များမှ ပိုမိုထိရောက်သော ကာကွယ်ပေးမှုများ ဆောင်ရွက်ပေးနိုင်စေလိမ့်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Phil Hogan ကပြောကြားခဲ့ပါသည်။ အီးယူ၏ ဉာဏပစ္စည်းမူပိုင်ခွင့်များ ကာကွယ်ပေးရေး ဦးစားပေးဆောင်ရွက်မှုများကို အီးယူ ကုမ္ပဏီများအပေါ် စီးပွားရေးအရထိခိုက်မှုအပေါ်အခြေခံ၍ ပထဝီဒေသအလိုက်နှင့်အကြောင်းအရာအလိုက် သတ်မှတ် ထားကြောင်း၊ အစီရင်ခံစာတွင်ဦးစားပေးဆောင်ရွက်မည့် နိုင်ငံများစာရင်းအား အမျိုးအစားသုံးမျိုးခွဲခြားထားပြီး ၎င်းတို့မှာ (၁) တရုတ်၊ (၂) အိန္ဒိယ၊ အင်ဒိုနီးရှား၊ ရုရှား၊ တူရကီ၊ ယူကရိန်း၊(၃) အာဂျင်တီးနား၊ ဘရာဇီးလ်၊ အီကွေဒေါ၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ ဆော်ဒီအာရေဗျနှင့်ထိုင်းနိုင်ငံတို့ဖြစ်ကြကြောင်း၊ တရုတ်နိုင်ငံသည် အီးယူသို့ဝင်ရောက်လာသည့် အတုအပပစ္စည်းနှင့် မူပိုင်ခွင့် တရားမဝင်အသုံးပြုထားသည့် ကုန်ပစ္စည်းများ၏ ပင်ရင်းဒေသအဖြစ် ပမာဏအလိုက်နှင့် တန်ဖိုးအလိုက်နှစ်ခုစလုံးတွင် အများဆုံးအဖြစ်ရပ်တည်နေကြောင်း၊ အီးယူအကောက်ခွန်အာဏာပိုင်များမှ သိမ်းဆည်းရမိသည့် အဆိုပါကုန်ပစ္စည်းများ၏ (၈၀) ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံနှင့် ဟောင်ကောင်တို့မှဖြစ်ကြောင်း အဆိုပါသတင်းကဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## STOCK EXCHANGE (13.1.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,000 | 11,500 | 11,000 | 1,727 | 19,001,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,850 | 3,850 | 3,800 | 8,978 | 34,547,600 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 157 | 1,271,700 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 51 | 1,147,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 21 | 59,850 | 12,823,224 | 36,546 |

### Market summary

As of 13th Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 465.99 | +0.95 | +0.20% | 456.56 | 465.99 | 455.14 | 10,934 | 56,028,150 | 5 | 638,089 |

**Index chart**



# Market Overview

As of 1:00 pm, 13th Jan. 2020

| MYANPIX | 465.99<br>▲ 0.95 |
|---|---|
| Total Volume (shares) | 10,934 |
| Total Value (MMK) | 56 mil |
| Listed Company | 5 |
| Market Cap. (MMK) | 638,089 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,850 | ▼ 50 |

TIR